# ကျောင်းကြို/ကျောင်းပို့ချိန်တို့တွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ လိုက်နာရန်အချက်များ

(၁) ကျောင်းကြို/ပို့ယာဉ်များ အသုံးပြုရာတွင် အဲကွန်း (aircon) အသုံးပြုသောယာဉ်ဖြစ်ပါက အဲကွန်း အသုံးမပြုဘဲ ပြတင်းတံခါးများ ဖွင့်ပေးပါ။

(၂) ကျောင်းကြို/ ပို့ယာဉ်များတွင် အယ်ကိုဟောလ် အနည်းဆုံး(၆၀)% ပါဝင်သော လက်သန့်စင်ဆေးရည် ထားရှိပါ။

(၃) ကျောင်းကြို/ပို့ယာဉ်များတွင် ကျောင်းသူ/ကျောင်းသားများမှအပ အခြားသူများ စီးနင်းလိုက်ပါခြင်းနှင့် အခြားခရီးစဉ်များအတွက် အသုံးပြုခြင်း လုံးဝ မပြုလုပ်ရပါ။

(၄) ပါးစပ်နှင့်နှာခေါင်းစည်း (mask) တပ်ဆင်ထားခြင်းမရှိသော ကျောင်းသား/သူများအား တွေ့ရှိ ပါက အသင့်ထားရှိသော ပါးစပ်နှင့်နှာခေါင်းစည်း (mask) အား တပ်ဆင်စေပြီးမှသာ လိုက်ပါစီးနင်းခွင့်ပြုရပါမည်။

(၅) ယာဉ်ပေါ်တွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း (physical distancing) မှုကို လိုက်နာ စေရန် အမြဲကြီးကြပ်ပေးပါ။

(၆) အသက်အရွယ်ကြီးရင့်သူ (အသက် ၆၀ နှစ် နှင့်အထက်) နှင့် နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ သွေးတိုး၊ ကင်ဆာ၊ အဆုတ်၊ အသည်း စသည်... ) အနေဖြင့် ကျောင်းကြို/ ပို့ ယာဉ်မောင်း နှင့် ယာဉ်နောက်လိုက်အဖြစ် လုံးဝ မလုပ်ပါနှင့်။

(၇) ခရီးစဉ်တစ်ခေါက်ပြီးဆုံးချိန်နှင့် တစ်နေ့တာခရီးစဉ်ပြီးဆုံးချိန်တို့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော ပိုးသတ်သန့်စင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ပိုးသတ်သန့်စင်ပါ။